# တက်တိုး၏ ဝေဖန်ရေးမှတ်ကျောက်


**စောခိုင်မင်း***


## စာတမ်းအကျဉ်း


ဤစာတမ်းသည် တက်တိုး၏ ဝေဖန်ရေးဆိုင်ရာနည်းနာများကို မှတ်ကျောက်တင် လေ့လာထားသောစာတမ်းဖြစ်ပါသည်။ တက်တိုး၏ ဝေဖန်ရေးနည်းနာများကို အကဲဖြတ်လိသော ရည်ရွယ်ချက်ဖြင့် ရေးသားထားပါသည်။ ဤစာတမ်း၏အလေ့လာခံအဖြစ် တက်တိုး၏ ဆောင်းပါး(၈)ပုဒ်ကို သတ်မှတ်ထားပါသည်။ လေ့လာရာတွင် အနက်ဖွင့်အကဲဖြတ်နည်း၊ လူမှုရေးပညာအခြေခံဝေဖန်နည်း၊ အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်းဟူသော အကဲဖြတ်ခြင်းဆိုင်ရာ နည်းနာများကို အသုံးပြုထားပါသည်။ လေ့လာမှုနယ်ပယ်မှာ မြန်မာစာပေနယ်ပယ်၊ ဆောင်းပါးကဏ္ဍဖြစ်ပါသည်။ တက်တိုး၏ ဝေဖန်ရေးဆိုင်ရာ နည်းနာများကို သိရှိပြီး လိုက်နာကျင့်သုံးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။



သော့ချက်စကားလုံးများ– ဝေဖန်ရေး၊ မှတ်ကျောက်၊ ဆောင်းပါး၊ နည်းနာ


## နိဒါန်း

ဝေဖန်ရေးဟူသည် ရှေးယခင်ကပင်ရခဲ့ပြီဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်ဖြင့် အရေးပေါင်းများစွာတွင် ဝေဖန်မှုများရှိခဲ့သည်။ ထိုသို့ ဝေဖန်ကြရာတွင် ဝေဖန်ပုံ ဝေဖန်နည်းကား ကွာခြားသည်။ နေရာဒေသအလိုက်၊ ပုဂ္ဂိုလ်အလိုက်အမျိုးမျိုးကွဲပြား ကြသည်။ ဝေဖန်ရေးသည် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးတွင် လွန်စွာအရေးပါသောကြောင့် ဝေဖန်ရေးဆိုင်ရာ နည်းနာများကိုလည်း လေ့လာဖော်ထုတ်သင့်ပါသည်။ ထို့ကြောင့် ဝေဖန်ရေး တာဝန်ထမ်း ဆောင်ခဲ့သော ဆရာတက်တိုး၏ ဆောင်းပါးများမှ ဝေဖန်ရေးဆိုင်ရာအယူအဆများ၊ ဝေဖန်ရေး နည်းနာများကို ဆန်းစစ်လေ့လာ၍ သုတေသနစာတမ်းတစ်စောင် ရေးသားရခြင်း ဖြစ်ပါသည်။ မှတ်ကျောက်တင်ခြင်းဟူသည်အရည်အချင်းကို သိရအောင် လက်တွေ့စစ်ဆေး အကဲဖြတ်ခြင်းပင် ဖြစ်ပါသည်။ဤစာတမ်းတွင်လည်း ဝေဖန်ရေးဆိုင်ရာနည်းနာများကို အသုံးပြုပြီး တက်တိုး၏ ဝေဖန်ရေးဆိုင်ရာနည်းနာများ ကောင်းမကောင်း ဝေဖန်ဆန်းစစ်၍ မှတ်ကျောက်တင် ထားပါသည်။ အခန်း(၁)စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်း၊ အခန်း(၂)ဝေဖန်ရေး၏သဘောသဘာဝ၊ အခန်း(၃)တက်တိုး၏ ဝေဖန်ရေးနည်းနာများလေ့လာချက်ဟူ၍ အခန်း(၃)ခန်းခွဲကာ လေ့လာတင်ပြ ထားပါသည်။

ဤစာတမ်းတွင် ဝေဖန်ရေးဟူသည်အဘယ်နည်း၊ စာပေဝေဖန်ရေးသည် စာပေအပေါ်တွင် မည်သို့ အကျိုးသက်ရောက်သနည်း၊ ဆရာတက်တိုး၏ ဝေဖန်ရေးသဘော ထားဟူသည် အဘယ်နည်း ဟူသည့်သုတေသနမေးခွန်းများကို လေ့လာဖော်ထုတ်ထားပါသည်။

စာပေဝေဖန်ရေးကိုလေ့လာဖော်ထုတ်ခြင်းဖြစ်သောကြောင့် ဆရာဇော်ဇော်အောင်၏ စာပေ သဘောတရားနှင့် ဝေဖန်ရေးအခြေခံကျမ်း နှင့် ဆရာဒဂုန်တာရာ၏ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု မှ ဝေဖန်ရေးဆိုင်ရာ အယူအဆများ၊ ဝေဖန်ရေးဆိုင်ရာ သဘောတရားများ၊ ဝေဖန်ရေးဆိုင်ရာနည်းနာများ၊ ဆရာတက်တိုး၏ ခေတ်ပြောင်းတော်လှန်ရေး ကာလ ကလောင်တလက်၏အခန်း၊ စာပေဆောင်းပါးပေါင်းချုပ်(၁)၊ ယနေ့စာပေနှင့် စာရေးဆရာတို့အမြင် မှ အချက်အလက်များကို ဤစာတမ်းတွင် အကိုးအကား၊ နည်းနာများ အဖြစ်သတ်မှတ်သုံးစွဲပါသည်။


* ကထိက၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

## ၁။ တက်တိုး၏ အတ္ထုပ္ပတ္တိအကျဉ်း

အမည်ရင်းမှာ ဦးအုန်းဖေဖြစ်သည်။ အဖ ဦးမောင်ကလေးနှင့် အမိ ဒေါ်စိန်ညွန့်တို့မှ ၁၉၁၃ ခု ဖေဖော်ဝါရီလ ၂ ရက်၊ တနင်္ဂနွေနေ့တွင် သန်လျင်မြို့၌ မွေးဖွားသည်။ မကွေးမြို့တွင် ပညာ စတင်သင်ကြားခဲ့သည်။ ၁၉၂၈ ခုနှစ် ၈ တန်းကျောင်းသားဘဝတွင် ဂန္ထလောကမဂ္ဂဇင်းတွင် "ကညာလော၊ ကျားကြီးလော" ဘာသာပြန်ဝတ္ထုတိုဖြင့် ပြိုင်ပွဲဝင်ရာ ဆုရခဲ့ပြီး စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက် သင်ကြားခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် ဥပစာတန်းအောင်မြင်ပြီး ခေတ်စာညွန့်စာစောင် အဖွဲ့ဖွဲ့၍ ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် ဘီအေဘွဲ့ကို အင်္ဂလိပ်စာပေ၊မြန်မာစာပေ၊ ခေတ်သစ်သမိုင်းဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာ၊ ဂန္ထလောကမဂ္ဂဇင်းတွင် အယ်ဒီတာ၊ စုံထောက်မင်းကြီးရုံး၌ စာတော်ပြန်၊ ပြန်ကြားရေးဌာန မြန်မာနိုင်င ဘာသာပြန်ဌာနခွဲစာတည်းမှူးစသည်ဖြင့် လုပ်ခဲ့သည်။ ၁၉၄၀ ခုနှစ်တွင် ပထမဆုံးပုံနှိပ်စာအုပ် မတာဟာရီကို ထုတ်ဝေခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ကဗျာဆရာမကြီး ဒေါ်နယဉ်နှင့် အိမ်ထောင်ပြုခဲ့ သည်။ ထို့နောက် ပညာမင်းကြီးရုံး၌ မြန်မာစာပေဌာနစာတည်း၊အိုးဝေသတင်းစာအယ်ဒီတာ၊ ပုံနှိပ် ထုတ်ဝေသူများအသင်း ဒုတိယဥက္ကဋ္ဌ၊ တိုင်းမဂ္ဂဇင်း၏ ပထမဆုံးသောဌာနေသတင်းထောက်စသည်ဖြင့် လုပ်ခသည်။ ၁၉၅၀ ခုနှစ်တွင် မင်းမှုထမ်းဝတ္ထုဖြင့် စာပေဗိမာန်ဆုကို ရရှိခဲ့သည်။ ၁၉၅၀–၅၂ခုနှစ်အထိ မြန်မာပြည်သတင်းဌာန(Burma Press Syndicate)တွင် စာတည်းချုပ် အဖြစ်တာဝန်ယူခဲ့သည်။ ထို့နောက် နယဉ်စာပေတိုက်ကို ထူထောင်ကာ ၁၉၅၄ ခုနှစ်တွင် စာသင်သားဂျာနယ်ကို စတင်ထုတ်ဝေခဲ့သည်။ တက်တိုးကျူတိုရီရယ်၊ ကိုယ်ပိုင်နည်းပြ သင်တန်းကျောင်း ကိုလည်း ထူထောင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ကွန်မင်တေတာအင်္ဂလိပ်ဘာသာ ဂျာနယ်ကို ဦးစီးထုတ်ဝေခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အင်ဒိုနီးရှား၊ သီဟိုဠ်၊ ဂျပန်နိုင်ငံများအကြောင်း စာအုပ်သုံးအုပ်ထုတ်ဝေရာ ယူနက်စကိုမှ ချစ်ကြည်ရေးဆုရခဲ့သည်။ ၁၉၅၈–၅၉ ခုနှစ်တွင် စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး ၁၉၆၀ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသူများအစည်းအရုံး ဥက္ကဋ္ဌအဖြစ် ဗြိတန်၊ ပြင်သစ်၊ အီတလီ၊ အမေရိကန်နိုင်ငံများသို့ သွားရောက်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် မြန်မာ့သတင်းစဉ်(နိုင်ငံခြား)(New Agency Burma-External)ကို စတင်တည်ထောင်ပေး၍ အယ်ဒီတာချုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၆၉ခုနှစ်တွင် ပြန်ကြားရေးဌာနညွှန်ကြားရေးဝန်၊ တက္ကသိုလ်များ ဗဟိုကောင်စီဝင်၊အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်၊မြဝတီပုံနှိပ်တိုက်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း၏ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံစာပေလုပ်သား အဖွဲ့ဖြစ်မြောက်ရေးဥက္ကဋ္ဌ၊ ပညာရေးဌာန၏ ပညာရေးအထူးအရာရှိစသည်ဖြင့် တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့သည်။ မိဘမေတ္တာလူမှုရေးအဖွဲ့၏ စာပေဂုဏ်ရည်ဆု၊ ၁၉၉၇ ခုနှစ်တွင် ပခုက္ကူဦးအုန်းဖေ၏ တစ်သက်တာစာပေဆုနှင့် ၂၀၀၃ခုနှစ် ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)တို့ကို ရရှိခဲ့သည်။ ဆရာကြီး၏ ကလောင်ခွဲများမှာ တက်တိုး၊ ဆရာကြီး၊ ဆရာတက်တိုး၊ မောင်တက်တိုး၊ မောင်တက်တိုး(ခေတ်စာညွန့်)၊ တက္ကသိုလ်မောင်တက်တိုး၊ အာဇာနည်တက်တိုး၊ ဦးလေးတက်တိုး၊တင်၊ မောင်ဖြူစင်၊ မောင်မြင့်တင်၊ မောင်လှသွင်၊ မောင်လသွင်(ဘီအေ)၊ တက္ကသိုလ်အုန်းကလေး၊ အုန်းဖေ၊ အုန်းဖေ(မကွေး)၊ ဦးအုန်းဖေတို့ဖြစ်သည်။[၁] ဆရာကြီးသည် အသက်(၉၁)နှစ်အရွယ်၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်၊ တနင်္ဂနွေနေ့နံနက် ၄ နာရီခန့်တွင် ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ်(၁၁)နေအိမ်၌ ဘဝနိဂုံးချုပ်ခဲ့ပါသည်။[၂]

---

[၁] နှစ်ဆယ်ရာစုမြန်မာစာရေးဆရာများနှင့် စာစုစာရင်း၊ ၂၀၀၃၊ ၇၉။
[၂] တက်တိုး၊ ၂၀၁၆၊ ၂၉၂။

## ၂။ ဝေဖန်ရေး၏သဘောသဘာဝ

ဝေဖန်ရေး သည် အလွန်လေးနက်ကျယ်ဝန်းသော ပညာရပ်နယ်ပယ်တစ်ခုဖြစ်ပါသည်။ ဝေဖန်ဟူသောဝေါဟာရကို မြန်မာအဘိဓာန်တွင်

> ဝေဖန်– ကြိ /ဝေဗန်/ အကောင်းအဆိုးကို သေးသပ်စိစစ်သည်။ စီမံခန့်ခွဲသည်။ခွဲဝေပေးသည်။[၁]

ဟူ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ဝေဖန်ရေးဟူသော ဝေါဟာရနှင့်ပတ်သက်၍ ပညာရှင်များက အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြပါသည်။ စာပေသဘောတရားနှင့်ဝေဖန်ရေးအခြေခံကျမ်းတွင် ဇော်ဇော်အောင်က

> ဝေဖန်ဟူသောစကား၏ မူလအဓိပ္ပာယ်ကိုချုပ်လျှင် အကောင်းအဆိုးခွဲခြားပြခြင်းကိစ္စဟု ပြောနိုင်သည်။ အကောင်းအဆိုး(ဝါ)အညံ့ ခွဲခြားပြရာတွင် အကြောင်းအကျိုးပါဝင်ရသည်။ ယုတ္တိသာဓက၊အထောက်အထားလုံလောက်စွာပေးရသည်။ ကောင်းသည်/ညံ့သည် ပြောရုံမျှဖြင့် ဝေဖန်ရေးအရာမမြောက်ဟု အချုပ်မှတ်ယသင့်ပါသည်။ "အကောင်းအညံ့(ဝါ)စာပေတစ်ရပ်၏အကောင်း အညံ့ကို ကြောင်းကျိုး ယုတ္တိသာဓကတို့ဖြင့် ခိုင်လုံစွာ ခွဲခြားပြသခြင်းသည်"ဝေဖန်ရေးဖြစ်၏။[၂]

ဟူ၍ဖွင့်ဆိုထားပါသည်။

တစ်ဖန်ယနေ့စာပေနှင့် စာရေးဆရာတို့အမြင်စာအုပ်တွင် တက်တိုးက

> ဝေဖန်မှုဆိုသည်မှာ စင်စစ်အားဖြင့် အဘယ့်ကြောင့်ကောင်းသည်ဟု အကြောင်းပြချက်ပါရှိမှသာလျှင် ဝေဖန်မှုအစစ်ဖြစ်သည်။[၃]

ဟု သူ၏ယူဆချက်ကို ရှင်းပြထားပါသည်။

မြဝင်း(ဒဿန)၏ ဇော်ဂျီဒဿနစာ၊ ရသစာစာအုပ်တွင် ဝေဖန်သူနှင့် အဝေဖန်ခံရသူနှစ်ဦးကို ဇော်ဂျီက

> ဝေဖန်ရေးတွင် ဝေဖန်သူနှင့် အဝေဖန်ခံရသူဟူ၍ နှစ်ဦးစလုံး သဘောထားကြီးကြဖို့ လိုပါသည်။ အမြင်ကျယ်ဖို့လိုပါသည်။ နှလုံးကျဉ်းမြောင်း၊ ဉာဏ်ကျဉ်းမြောင်း မဖြစ်ကြဖို့ လိုပါသည်။ ထိုသို့ မဟုတ်ပါက ဝေဖန်ရေးသည် ဝေဖန်ရေး မဖြစ်တော့ဘဲ တစ်ဦးနှင့်တစ်ဦး ဆော်ကြနက်ကြသည့်ပွဲ ဖြစ်လာတတ်ပါသည်။[၄]

ဟု ဝေဖန်ရေးသဘောထားမမှန်လျှင်ဆိုးကျိုးများဖြစ်ပေါ်လာတတ်ကြောင်း ရှင်းပြထားပါသည်။

ထို့ပြင် စာပေသဘောတရား၊ စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှုစာအုပ်တွင် ဝေဖန်ရေးနှင့်ပတ်သက်၍ ဒဂုန်တာရာက

> ဝေဖန်ရေးကား ပညာဆန်ရပေမည်။ ဝေဖန်သူကနှံ့စပ်ပြည့်ဝသောအရည်အချင်းရှိရပေမည်။[၅]

ဟူ၍ ဖွင့်ဆိုထားပါသည်။

---

[၁]မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၅၉။
[၂]ဇော်ဇော်အောင်၊ ၂၀၁၅၊၁၀၁။
[၃]တက်တိုးနှင့်အများ၊ ၁၉၆၆၊ ၁၁။
[၄]ဇော်ဂျီ၊ ၂၀၀၇၊ ၁၂၁။
[၅]တာရာ၊ ဒဂုန်၊ ၁၉၆၇၊၂၁၃။

ဇော်ဂျီ၏ဝေဖန်ရေးအမြင်ကိုဇော်ဂျီဒဿနစာ၊ ရသစာစာအုပ်တွင် မြဝင်း(ဒဿန)က

> ဝေဖန်ရေးဆရာသည် ဝေဖန်ရေးလုပ်ရာတွင် သူဖတ်ထားသောစာကို စံထား၍ ထိုစာနှင့်ချိန်ထိုးပြီး ဝေဖန်တတ်ကြသည်။ ဆရာဇော်ဂျီက စာအသိတစ်ခုတည်း သာစံထား၍ ဝေဖန်ပါက ဝေဖန်ရေးသည် ပြည့်စုံသောဝေဖန်ရေး မဖြစ်နိုင်ပေ။ ပြည့်စုံသောဝေဖန်ရေးဖြစ်ရန် ကိုယ်တွေ့သုတကိုပါ ထည့်သွင်း၍ ဆရာသည် လယ်တီဆရာတော်ဘုရား၏ "မျက်မြင်မှာ ဉာဏ်တွဲလို့ အနဲနဲရှုပါ" ဟူသောတေးထပ်ကို ကိုးကားလေ့ရှိသည်။[၁]

ဟူ၍ တင်ပြထားသည်။

ဝေဖန်ရေးစာပေစာတမ်းများ(ပထမတွဲ)တွင် မြဇင်က

> စာပေဝေဖန်ရေးအလုပ်သည် ထင်ကြေးပေးသော အလုပ်မဟုတ်ပေ။ စာကို အနီးကပ်စေ့စပ်စွာ သရုပ်ခွဲလေ့လာသုံးသပ်ပြီးမှ အကဲခတ်ဆုံးဖြတ် တင်ပြရသောအလုပ်ဖြစ်သည်။ ထို့ကြောင့် နည်းလိုသည်။[၂]

ဟု ဖော်ပြထားသည်။

ထို့ကြောင့် ဝေဖန်ခြင်းဟူသည် အကြောင်းအရာ၊ အတွေ့အကြုံ၊ အတွေးအခေါ်၊ အဖြစ်အပျက် စသည်တို့၏ အကောင်းအဆိုးကို ခွဲခြမ်းစိတ်စစ်သုံးသပ်ခြင်းဟု ဆိုရပါမည်။ဝေဖန်ရေးဟူသည် အကြောင်းအရာတစ်ရပ်ကို သင့် မသင့်၊ ကောင်း မကောင်း၊ မှန် မမှန်ပြည့်ဝသော စိတ်နှလုံးဖြင့်အကြောင်းအချက်ခိုင်လုံစွာ နည်းစနစ်အသုံးပြု၍ စိစစ်ပိုင်းခြားတန်ဖိုးဖြတ် သတ်မှတ်ခြင်း ကို ဆိုလိုပါသည်။

## ၃။ တက်တိုး၏ဝေဖန်ရေးနည်းနာများလေ့လာချက်

ဝေဖန်ရေးစာပေများတွင် စာရေးသူတို့သည် မိမိတို့ယုံကြည်လက်ခံသော စာပေဆိုင်ရာအယူအဆနှင့် ကိုယ်ပိုင်ထင်မြင်ချက်တို့ကို ဆွေးနွေးဝေဖန်သုံးသပ်လေ့ရှိသည်။ ဆရာတက်တိုးသည်လည်း ဝေဖန်ရေး ဆိုင်ရာစာပေတို့ကို များစွာရေးသားခဲ့သူဖြစ်ပါသည်။ ထိုသို့ ဝေဖန်ရေးသားရာတွင် ဆရာတက်တိုး အသုံးပြုသော ဝေဖန်ရေးနည်းနာများကို လေ့လာမှတ်ကျောက်တင်လိုပါသည်။ ဆရာတက်တိုး၏ ဝေဖန်ရေးဆောင်းပါးများမှ ဝေဖန်ရေးနည်းနာများကို လေ့လာတင်ပြလိုပါသည်။ ထိုသို့ လေ့လာ တင်ပြရာတွင် ဆရာမြဇင်၏ ဝေဖန်ရေးစာတမ်းများမှ အနက်ဖွင့်အကဲဖြတ်နည်း၊ လူမှုရေးပညာ အခြေခံဝေဖန်နည်း၊ အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်းတို့ကို အခြေခံ၍ လေ့လာတင်ပြလိုပါသည်။

### ၃၊၁။ အနကဖွင့်အကဲဖြတ်နည်း

စာပေပညာရပ်တစ်ခုကို ဝေဖန်ရာတွင် အနက်ဖွင့်အကဲဖြတ်နည်းသည် ဝေဖန်ရေးနည်းနာများတွင် ကောင်းမွန်သောနည်းတစ်ခုဖြစ်သည်။ စာပေဝေဖန်ရေးဆရာများ အများဆုံးအသုံးပြုသောနည်း လည်းဖြစ်ပါသည်။ စာဖတ်သူအား နားလည်သဘောပေါက်စေသော ဝေဖန်ရေးနည်းကောင်းတစ်ခု ဖြစ်ပါသည်။

အနက်ဖွင့်အကဲဖြတ်နည်းနှင့်စပ်လျဉ်း၍ ဝေဖန်ရေးစာပေစာတမ်းများတွင် မြဇင်က

> အနက်ဖွင့်အကဲဖြတ် စာပေဝေဖန်နည်းသည် ဝေဖန်ရေးဆရာများ အများဆုံးသုံးသောနည်းဖြစ်သည်။ ဤနည်းကို ကျင့်သုံးရာတွင် စာဆို၏ ဘဝဖြစ်စဉ်မှ အဓိကဖြစ်ရပ်များကိုလည်း ဖော်ထုတ်သည်။ စာ၏ရည်ရွယ်ချက်

[၁] မြဝင်း(ဒဿန)၊ ၂၀၀၇၊ ၁၂၂။
[၂] မြဇင်၊ ၁၉၈၆၊ ၈၃။

> ကိုလည်း ကြည့်သည်။ စာ၏အာဘော်ကိုလည်း မှတ်သားသည်။ အတွင်းသား နှင့်ပုံသဏ္ဍာန်ကိုလည်း စူးစမ်းသည်။ ဝေါဟာရအသုံးအနှုန်းကို လေ့လာသည်။ တခြားယှဉ်သင့်သည့် စာဆိုများနှင့်လည်း ယှဉ်သည်။ အနက်ဖွင့်စရာလိုသော စာပိုဒ်တစ်ပုဒ်တို့ကို အနက်ဖွင့်သည်။ ထို့နောက်စာတန်ဖိုးကို အကဲဖြတ်လို သည့်အခါ အကဲဖြတ်ပေးသည်။[၁]

ဟုလည်းကောင်း၊

> အနက်ဖွင့်အကဲဖြတ်လုပ်ငန်းသည် စာဖတ်သူအား ယခင်နားလည် သဘောပေါက်ခြင်း မရှိခဲ့သည်ကို နားလည်သဘောပေါက်စေသည်။ မမြင်ဖူးသည်ကို မြင်ဖူးစေသည်။ စာဖတ်သူကို ထိုးထွင်းသိမြင်သော အသိပေးနိုင်သော စာပေဝေဖန်ရေးသည် ကောင်း၏ဟု ဆိုရမည်။[၂]

ဟုလည်းကောင်းဖော်ပြထားသည်။

ထိုကြောင့် အနက်ဖွင့်အကဲဖြတ်နည်းသည် စာဆို၏ဘဝဖြစ်စဉ်၊ စာ၏ရည်ရွယ်ချက်၊ ရေးဖွဲ့သောစာ၏ပုံသဏ္ဍာန်၊ ဝေါဟာရအသုံးအနှုန်းတို့ကို ကြည့်၍ အခြားစာများဖြင့် နှိုင်းယှဉ်၍ဖြစ်စေ တန်ဖိုးဖြတ်၍ ဖြစ်စေ ဝေဖန်သောနည်းဖြစ်ပါသည်။ စာပေဝေဖန်ရေးဆရာတို့အများဆုံး အသုံးပြုသော နည်းဖြစ်ပြီး စာဖတ်သူကို နားလည်သဘောပေါက်စေသော ဝေဖန်ရေးနည်းတစ်ခုဖြစ်ပါသည်။

ဆရာတက်တိုးသည် ဝေဖန်ရေးပြုလုပ်ရာတွင် ဝေဖန်ရေးလုပ်သူတို့ အများဆုံးကျင့်သုံးသည့် အနက်ဖွင့်အကဲဖြတ်နည်းကို သုံး၍ ဝေဖန်လေ့ရှိသည်က တွေ့ရပါသည်။ တက်တိုး၏ စာပေဆောင်းပါးပေါင်းချုပ်(၁)တွင် "အနုပညာသည် အနုပညာအဖို့" ဆောင်းပါး၌အနုပညာ အတွက်ဟူသော ဝေါဟာရနှင့်ပတ်သက်၍

> အနုပညာသည် အနုပညာအတွက်ဟူသောစကားနှင့်ပတ်သက်၍ ပြင်ရန် လိုပါသည်။ "အတွက်"မဟုတ် "အဖို့"ဖြစ်ပါသည်။ အင်္ဂလိပ်လို **Art for Art'ssake**ကို မြန်မာပြန်ရာတွင် လိုသွားသောအချက်ကလေးတစ်ခုဖြစ်ပါသည်။ "အတွက်"သည်**for**ကို ပြန်ဆိုခြင်းဖြစ်သည်။ အမှန်မှာ "အဖို့" **for Art's sake**ဖြစ်သည်။ **sake**၏ အဓိပ္ပာယ်မှာ ထူးခြားပါသည်။ **sake**၏ အဘိဓာန်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ**cause, account, interest** ဖြစ်သည်။ အရေး၊ ဖြစ်ထွေ၊ အကျိုး၊ ကျေးဇူးဟူ၍ မြန်မာလို တတ်နိုင်သမျှ ပြန်နိုင်သည် ထင်ပါသည်။ ကျွန်တော့်အနေဖြင့် "အဖို့"သည် ထိုအဓိပ္ပာယ်တို့ကို အတော်ခြုံမိသည် ထင်မိပါသည်။[၃]

ဟူ၍ ဖော်ပြထားပါသည်။ ထိုဆောင်းပါးတွင် 'အတွက'ဟူသော စကားလုံးအစား 'အဖို့'ဟူသော စကားလုံးကို ပြောင်းလဲသုံးစွဲသင့်ကြောင်း အနက်ဖွင့်အကဲဖြတ်နည်းကို သုံးကာ ထောက်ပြဝေဖန် ထားသည်ကို တွေ့ရသည်။ မြန်မာပြန်အဓိပ္ပာယ်ပိုမိုပြည့်စုံစေလိုသော ဆရာတက်တိုး၏စေတနာကို တွေ့ရပါသည်။

ဆရာတက်တိုးသည် ဝေဖန်ရေးပြုလုပ်ရာတွင် အနက်ဖွင့်ရှင်းလင်းပြောဆိုသကဲ့သို့ မိမိ အယူအဆများဖြင့်လည်း လိုအပ်လျှင် လိုအပ်သလို လမ်းညွှန်မှုများဖြင့် ရှင်းလင်းဝေဖန် လေ့ရှိသည်ကိုလည်း တွေ့ရပါသည်။ထိုဆောင်းပါးတွင်ပင်

---

[၁]မြဇင်၊ ၁၉၈၆၊ ၈၅၊ ၈၆။

[၂]ယင်း၊၈၆။

[၃]တက်တိုး၊ ၂၀၁၆၊ ၉။

> အနုပညာသည် အနုပညာအဖို့ဆိုသည်မှာ ကျွန်တော့်ခံယူချက်အရအနုပညာကို ပြုစုသောအနုပညာသည် အနုပညာပီသစွာဖြစ်မြောက်ရေး(အနုပညာရေး)ကို အာရုံစူးစိုက်၍ စေတနာမှန်ကန်စွာဖြင့် ပြုစုဆောင်ရွက်ရမည်။[၁]

ဟူ၍ အနုပညာသမားတို့ ထားရှိရမည့်စိတ်ထားနှင့် ဆောင်ရွက်သင့်သည်တို့ကို မိမိအယူအဆ အပေါ်အခြေတည်၍ ဝေဖန်လမ်းညွှန်ပြထားသည်ကို တွေ့ရသည်။

ထိုသို့ ဝေဖန်လမ်းညွှန်ရာတွင် မိမိအယူအဆကို အခြေတည်သကဲ့သို့ သက်သေသာဓကများပြကာ ဝေဖန်လမ်းညွှန်မှုများ ပြုသည်ကိုလည်း တွေ့ရပါသည်။ ၄င်းကို ထိုဆောင်းပါး၌

> ပိုလန်နိုင်ငံသား ကမ္ဘာကျော် ဂီတပညာရှင်ကြီး ပါဒရူးစကီ၏ဂီတပွဲတစ်ပွဲ အပြီးတွင် ဝါသနာရှင်တစ်ဦးက ဆရာကြီးထံသို့သွား၍ 'ဆရာကြီးလို ဂီတပညာမှာ ပေါက်မြောက်ဖို့ ကျွန်တော့်ဘဝကို ပေးလိုက်ချင်ပါရဲ့'ဟု ဆိုရာ ဆရာကြီးက 'ကျုပ်တော့ ပေးထားပြီးပါပြီ'ဟု ပြန်ပြောလိုက်သည်။ ယင်းသို့ အနုပညာကို လေးစားမြတ်နိုး၍ မိမိ၏ဘဝကို နှင်းအပ်ခြင်းသည် အနုပညာရှင်အစစ်တစ်ဦး၌ လိုအပ်သောအချက်ဖြစ်သည်ဟု ကျွန်တော် ဆိုချင်ပါသည်။[၂]

ဟူ၍အနုပညာရှင်စစ်စစ်တစ်ဦး၏ အဓိကလိုအပ်ချက်ကို ကမ္ဘာကျော်ဂီတပညာရှင်ကြီးတစ်ဦး၏ အပြောဖြင့် သက်သေပြကာ ဝေဖန်လမ်းညွှန်ပေးထားသည်ကို တွေ့ရသည်။

ဆက်လက်၍အနုပညာသမားတစ်ဦး၏ လေးစားအပ်သောသဘောသဘာဝကိုလည်း

> အနုပညာသည် အနုပညာဖို့ဟူသောသဘောထားသည် (ကျွန်တော့်အနေဖြင့်) အနုပညာရှင်တို့သည် မိမိတို့သက်ဆိုင်ရာ အနုပညာရပ်ကို အစဉ် လေးစားမြတ်နိုး၍ မိမိတို့၏စွမ်းအားတို့ကို ယင်းအနုပညာအတွက် အသက်ကို ပုံအပ်ကာ ဘဝတာဝန်ကြီးတစ်ရပ်အဖြစ် ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၏ သဘောထားဖြစ်သည်။ ထိုသဘောထားကို သာမန်အနုပညာဝါသနာရှင် တစ်ဦးအနေဖြင့် လေးစားအပသည်ဟု ယူဆပါသည်။[၃]

ဟူ၍ အနုပညာအတွက် ဘဝကို ပေးအပ်ထားသောအနုပညာရှင်တ၏တန်ဖိုးကို လေးစားအပ် ကြောင်းစိစစ်ဝေဖန်ပြထားသည်ကို တွေ့ရသည်။

ထို့အတူ တက်တိုး၏ စာပေဆောင်းပါးပေါင်းချုပ်(၁) "စာရေးဆရာ" ဆောင်းပါးတွင်လည်း ဦးတည်ချက်နှင့်အကြောင်းအရာ၏ အဓိပ္ပာယ်ကို

> အင်္ဂလိပ်ဝေါဟာရ သုံးပါရစေ။ ဦးတည်ချက်ဆိုတာTheme ဖြစ်တယ်။ အကြောင်းအရာဆိုတာSubjectဖြစ်တယ်။ ဥပမာ အချစ်အကြိုက်အကြောင်းကို ဇာတ်လမ်းဖွဲ့ပြီး လင်နဲ့မယား ချစ်ကြတာ၊ ဖောက်ပြန်ကြတာ၊ အမုန်းကြီး မုန်းသွားတာ စသည်ဖြင့်ပေါ့။ ဇာတ်လမ်းဇာတ်ကွက်တွေ တီထွင်ပြီး ဝတ္ထုတစ်ပုဒ်ရေးထားတာကို စိစစ်ရင် ဦးစွာ ဒီဝတ္ထုဟာ အချစ်ဆိုတဲ့ သဘောတရားကို ဦးတည်ပြီး အဲဒီအချစ်ရဲ့ ပယောဂကြောင့် ဇာတ်ကောင်တွေ အပြန်အလှန်ပြုမူကြတာတွေကို ဇာတ်လမ်း ဇာတ်ကွက်စဉ်ပြီး ရေးတယ်။ အဲဒီ ဇာတ်လမ်းဇာတ်ကွက်တွေဟာ အကြောင်းအရာပဲပေါ့။ အဲဒီအကြောင်း အရာတွေဟာ နောက်ဆုံးမှာ အချစ်ဆတဲ့ ထွေပြားတဲ့သဘောတရားတွေ အကြုံးဝင်တဲ့ ဦးတည်ချက်ပါပဲ။[၄]

---

[၁]တက်တိုး၊ ၂၀၁၆၊ ၉။
[၂]-ယင်း-၊ ၁၀။
[၃]-ယင်း-၊၁၀။
[၄]ယင်း၊ ၁၉။

ဟူ၍ အနက်ဖွင့်အကဲဖြတ်နည်းကို အသုံးပြုကာရှင်းလင်းဖော်ပြထားပါသည်။ စာဖတ်သူအား ဦးတည်ချက်နှင့်အကြောင်းအရာကို သိမြင်လွယ်သောဥပမာဖြင့် ဖွင့်ဆိုရှင်းလင်းဝေဖန်ပြထားသည်ကို တွေ့ရသည်။ ဦးတည်ချက်နှင့်အကြောင်းအရာကို နားလည်သဘောပေါက်လွယ်စေလိုသော ဆရာတက်တိုး၏ စေတနာကို တွေ့ရပါသည်။

တစ်ဖန်ထိုဆောင်းပါးတွင်ပင် စာရေးဆရာဟူသောဝေါဟာရ၏အဓိပ္ပာယ်ကိုလည်း

> ယခုခေတ်အခေါ်အားဖြင့် စာရေးဆရာသည် ရသစာပေ(သို့မဟုတ် ဖန်ဆင်းသောစိတ်ကူးယဉ်စာပေ)ရေးသားသူဖြစ်သည်။ အင်္ဂလိပ်လို အခေါ်အားဖြင့် **Writer**ဖြစ်သည်။ အင်္ဂလိပ်ဘာသာတွင် ပုဂ္ဂိုလ်တစ်ယောက်ကို **Writer**ဟု ခေါ်လိုက်လျှင် ထိုပုဂ္ဂိုလ်သည် ဝတ္ထု၊ ဆောင်းပါး၊ စကားပြေ၊ ရသစာပေရေးသူဟူ၍ သိကြ၏။ ကဗျာဆရာကို **Poet**ဟု ခေါ်တတ်ကြသော်လည်း ခြုံငုံ၍မူကား **Writer**ဟုပင်ခေါ်ကြသည်။[၁]

ဟူ၍ ဖွင့်ဆိုရှင်းလင်းထားပါသည်။ စာရေးဆရာဟူသောဝေါဟာရ၏ အဓိပ္ပာယ်ကိုစာဖတ်သူ နားလည်သဘောပေါက်လွယ်အောင် ရှင်းလင်းဝေဖန်ပြထားသည်ကို တွေ့ရသည်။

ထို့ပြင် စာရေးဆရာ၏သဘောသဘာဝနှင့်စပ်လျဉ်း၍ တက်တိုး၏ စာပေဆောင်းပါး ပေါင်းချုပ်(၁) “စာပေဝန်ထမ်း”ဆောင်းပါးတွင် တက်တိုးက

> စာရေးဆရာသည် စာပေရေးသားပြုစုမှုကို ပဓာနထား၍ တာဝန်ယူရပေမည်။ စာရေးဆရာစစ်စစ်ဟု ခေါ်ထိုက်သူသည် အများအကျိုးအတွက် ရည်စူး၍ စာပေပြုစုမှု၊ သုတ၊ ရသ၊ ဒဿနစာပေတို့ကိုသာ ပြုစုရပေလိမ့်မည်။ တစ်ဦးတစ်ယောက်အတွက်သော်လည်းကောင်း၊ တစ်ဖွဲ့စည်းအတွက် သော်လည်းကောင်း၊ စာများရေးသားလျှင် ယင်းပုဂ္ဂိုလ်သည် ဝါဒဖြန့်သူဖြစ်သွားချေမည်။ ဝါဒဖြန့်စာရေးသူတို့သည် သူတို့အကျိုး သူတို့နှင့်ပတ်သက်သည့် အဖွဲ့အစည်းများ၏အကျိုးအတွက်ဖြစ်သဖြင့် စာရေးဆရာ မဟုတ်တော့ပေ။ ဝါဒဖြန့်ချီရေးသမားမျှသာဖြစ်ချေမည်။[၂]

ဟူ၍ ရှင်းလင်းထားပါသည်။စာရေးဆရာ၏သဘောသဘာဝသည် ဝါဒဖြန့်သူများ၏ သဘောသဘာဝနှင့် မတူကွဲပြားခြားနားပုံကို မိမိအယူအဆပေါ်အခြေတည်၍ ကြောင်းကျိုးပြကာ နှိုင်းယှဉ်ဝေဖန်သုံးသပ်ထားသည်ကို တွေ့ရသည်။

ထို့အတူ “ဘဝနှင့်အလုညီချက်”ဆောင်းပါးတွင် ပေါ်သစ်၏ ‘အလှရှာပုံတော်’စာအုပ်သည်ကောင်းမွန်သောစာအုပ်တစ်အုပ်ဖြစ်ကြောင်းကို ဆရာတက်တိုးက

> ပေါ်သစ်၏စာအုပ်တွင် ပန်းချီ၊ ပန်းပု ဝေဖန်ချက်ဆောင်းပါးများတွင် ကမ္ဘာ့ပန်းချီ၊ပန်းပု ဝေဖန်ချက်ဆောင်းပါးများအပြင် ကမ္ဘာ့ပန်းချီ၊ပန်းပုသမိုင်းနှင့် ဗမာ့ရှေးဟောင်းပန်းချီ၊ပန်းပုသမိုင်းအကျဉ်းချုပ်များလည်း ပါရှိသည်။ ထိုအခန်းများသည် အနုပညာသမိုင်း၌ စိတ်ဝင်စားသူတို့အဖို့ ဖတ်၍ကောင်းသောအခန်းများဖြစ်သည်။ ဖော်ပြပုံကောင်းသည်။ ရေးဟန်သစ်လွင်သည်။ အကြောင်းအရာစုံလင်သင့်သလောက် စုံလင်၍ အစီအစဉ်သပ်ယပ်သည်ဟု ဆိုချင်ပါသည်။ ဝေဖန်ချက်များလည်း နှစ်လိုဖွယ်ကောင်းလှ၏။ယူဆချက်၊ တင်ပြချက်များမှာလည်း အဆင်ပြေလှပေသည်။[၃]

---

[၁]တက်တိုး၊ ၂၀၁၆၊၁၉။
[၂]–ယင်း–၊၄၀။
[၃]တက်တိုး၊ ၁၉၆၉၊ ၂၂၀။

ဟူ၍ ရှင်းလင်းဖော်ပြထားပါသည်။ စာအုပ်ကောင်းတို့၏ အရည်အသွေးများကို စိစစ်ဖော်ထုတ် ဝေဖန်ပြထားသည်ကို တွေ့ရသည်။ စာအုပ်ကောင်းတစ်အုပ်အပေါ် ချီးကျူးလေးစားစေလိုသော စေတနာကို တွေ့ရပါသည်။

တက်တိုးသည် အနက်ဖွင့်အကဲဖြတ်နည်းဖြင့် ဝေဖန်ရာတွင် အနုပညာနှင့်ပတ်သက်၍ သူ၏အယူအဆအပေါ်အခြေတည်၍ ပြတ်ပြတ်သားသားဝေဖန်သည်။ ဖြစ်သင့်ရာကို လမ်းညွှန်သည်။ သူ၏အယူအဆများ၊ တင်ပြချက်များ ခိုင်မာစေရန် သက်သေပြကာ ဝေဖန်ထားသည်။ အနုပညာ သမားတစ်ဦး လေးစားအပ်သောသဘောကို စိစစ်ဝေဖန်ပြထားသည်။ ဦးတည်ချက်နှင့် အကြောင်း အရာတို့၏အဓိပ္ပာယ်ကို သိလွယ်မြင်လွယ်သော ဥပမာများပြကာ "အင်္ဂလိပ်ဝေါဟာရ သုံးပါရစေ"ဟု စကားချီ၍ သာသာချိုချိုနှစ်လိုဖွယ် တိတိကျကျဆစ်ပိုင်းဝေဖန်သည်။ စာရေးဆရာဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းလင်းဝေဖန်ပြသည်။ စာရေးဆရာနှင့် ဝါဒဖြန့်ချိရေးသမားတို့၏ သဘာဝကို ကြောင်းကျိုးပြနှိုင်းယှဉ်ဝေဖန်ပြသည်။ စာအုပ်ကောင်းတစ်အုပ်အကြောင်းကို အချက် အလက်များ စိစစ်ဖော်ထုတ်ဝေဖန်ပြသည်။

## ၃၊၂။ လူမှုရေးပညာအခြေခံဝေဖန်နည်း

ဆရာတက်တိုး၏ ဝေဖန်ရေးဆောင်းပါးများတွင် အနက်ဖွင့်အကဲဖြတ်နည်းကို သုံး၍ ဝေဖန်ခဲ့သကဲ့သို့ လူမှုရေးပညာကို အခြေခံ၍ ဝေဖန်အကဲဖြတ်ခဲ့သည်ကို တွေ့ရပါသည်။ လူမှုရေးပညာ အခြေခံ ဝေဖန်နည်းဟူသည် လူတို့၏ အပြောအဆို၊ အတွေးအကြံ၊ အပြုအမူအခြေအနေတို့ပေါ်မူတည်၍ ဝေဖန်သောနည်းဖြစ်ပါသည်။[၁] ထိုဝေဖန်နည်းသဘောကို ဆရာတက်တိုး၏ ဝေဖန်ရေးဆောင်းပါးတွင် တွေ့ရပါသည်။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ ဆရာတက်တိုး၏"ခေတ်ပြောင်းတော်လှန်ရေးကာလ ကလောင် တစ်လက်၏အခန်း" ဆောင်းပါးတွင်

> သိပ္ပံပညာရပ်ဖြစ်စေ၊ ဝိဇ္ဇာပညာရပ်ဖြစ်စေ သက်မွေးမှုပညာရပ် ဖြစ်စေ မည်သည့်ပညာရပ်ပင်ဖြစ်စေ၊ ထူးချွန်စွာတတ်မြောက်လျှင် အရောင်တောက် မည်ဟူသော ဩဝါဒကိုသာ ကျောင်းသား၊ကျောင်းသူတို့အားပေးချင်ပါသည်။ ထူးချွန်အောင် ကြိုးစားအားထုတ်ရပေမည်။ လူဖြစ်လာလျှင် သက်မွေးမှုတစ်ခုခု ရရပေမည်။ တတ်ကျွမ်းသည့် ပညာကို အကြောင်းပြု၍ အသက်မွေးမှုလုပ်ငန်းကို ရရပေမည်။ သို့သော် သက်မွေးမှုကိုချည်း အာရုံပြု၍ ပညာမရှာအပ်ပေ။ ပညာသည် မိမိအတွက်သာမက တိုင်းပြည်နှင့် လူမျိုးအတွက်လည်း ဖြစ်ရပေမည်။[၂]

ဟူ၍ ဖော်ပြထားပါသည်။ လူတို့သည် အသက်မွေးမှုပညာတွင် ထူးချွန်တတ်မြောက်ပါက မိမိအတွက်သာမက တိုင်းပြည်နှင့် လူမျိုးအတက်ပါ အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း ယထာဘူတကျကျ အရှိကို အရှိအတိုင်း မှန်မှန်ကန်ကန်ဝေဖန်ဆန်းစစ်တင်ပြထားသည်ကို တွေ့ရပါသည်။ ပညာ သင်ကြားရာတွင် ထားရှိရမည့်မှန်ကန်သောခံယူချက်ကိုသိစေလိုသော ဆရာတက်တိုး၏စေတနာကို တွေ့ရသည်။

ထို့အတူ တက်တိုး၏ စာပေဆောင်းပါးပေါင်းချုပ်(၁) "အနုပညာသည် အနုပညာအဖို့" ဆောင်းပါးတွင် အနုပညာသည် အနုပညာအတွက်ဟူသော အယူအဆနှင့်ပတ်သက်၍လည်း

> 'အနုပညာသည် အနုပညာအတွက်မျှသာ'ဟူသော ကျဉ်းမြောင်းသော အာဘော်မျိုး ဥရောပသမိုင်းစဉ်၌ ပေါ်ခဲ့ဖူးသည်။

---

[၁] မြဇင်၊ ၁၉၈၆၊ ၈၉–၉၀။
[၂] ယင်း၊ ၂၈၊၂၉။

> ‘စက်မှုတော်လန်ရေး’ပေါ်ထွန်းလာသဖြင့် လူတ၏အနေအထိုင် အပြုအမူ အယူအဆတို့သည် စီးပွားရေးအခြေအနေ ပြောင်းလဲသည်နှင့်အမျှ ပြောင်းလဲလာသောအခါ စိတ်ကူးယဉ်လောကဌ် ကျက်စားနေသော ကဗျာဆရာအချို့က စက်မှုတော်လှန်ရေးကို ကန့်ကွက်သည့်အနေဖြင့် ထ၍ အော်သော အာဘော်မျှသာဖြစ်သည်။ မကြာခင်ပင် ပျောက်ကွယ်သွားသည်ဟု ဖတ်မိမှတ်မိပါသည်။[၁]

ဟူ၍ ဖော်ပြထားပါသည်။ ခေတ်အခြေအနေအပေါ်မူတည်ကာ လူတို့၏အယူအဆပြောင်းလဲတတ်ပုံကို သမိုင်းကြောင်းအထောက်အထားပြု ရှင်းလင်းဝေဖန်ပြထားသည်ကိုတွေ့ရသည်။

ထိုဆောင်းပါးတွင်ပင် အနုပညာပစ္စည်းတို့၏သဘောကို ဝေဖန်ရာ၌လည်း

> ရှေးခေတ်က အနုပညာသည်အများသည် မိမိတို့၏ဘဝ ရပ်တည်ရေးအတွက် ကြေးရတတ် ဓနရှင်မင်းစိုးရာဇာတို့၏ အထောက်အပံ့ကို ရယူကြရသည်။ ထို့ကြောင့် ယင်းတို့ကို ချီးကျူးမြှောက်ပင့်သော ‘ဘုန်းတော်ဘွဲ့များ’ ရေးဆက်ကြရသည်။ ထိုကဗျာမျိုးသည် နှောင်းခေတ်ဝါဒဖြန့်ချိရေးစာမျိုးနှင့် သဘောချင်း အတူပင်ဖြစ်၏။ စာပေ၊ပန်းချီ၊ ပန်းပုစသည့် အနုပညာရပ်တို့တွင် ရောင်းတမ်းအနုပညာပစ္စည်းများနှင့် အနုပညာပစ္စည်းစစ်စစ်တို့ ခွဲခြားရပေမည်။[၂]

ဟူ၍ ဖော်ပြထားပါသည်။ ခေတအခြေအနေပေါ်မူတည်၍ ပြောင်းလဲတတ်သောအနုပညာသည်တို့၏ အနုပညာပစ္စည်းတို့ကို ပိုင်းခြားသတ်မှတ်သင့်ကြောင်းကြောင်းကျိုးပြ ရှင်းလင်းဝေဖန် လမ်းညွှန် ထားသည်ကို တွေ့ရပါသည်။

မြန်မာ့ပညာရေးတွင် ကျူရှင်များနှင့်စပ်လျဉ်း၍ ကျောင်းကိုသာမက ကျူရှင်ပါထားနိုင်သော အထက်တန်းလွှာ ကြေးရတတ်တို့၏သားသမီးများသည် စာမေးပွဲတွင် သူတကာထက် အမှတ်ပိုရ၍ အခွင့်အလမ်းကောင်းများရရှိနေကြသည်ကို “တက်တိုး၏ ခေတ်ပြောင်းတော်လှန်ရေးကာလ ကလောင်တစ်လက်၏အခန်း” ဆောင်းပါးတွင်

> အထက်တန်းလွှာ ကြေးရတတ်တို့ချည်း ‘စား’နေသည်မှာ နေရာတကာ ပင်ဖြစ်သည်။ ပညာရေးမှာလည်း သူတို့သားသမီးများသည် သူတကာထက်ပို၍ အခွင့်အလမ်း ရနေကြချေသည်။ အကျိုးထူးခံ လူတန်းစား ပပျောက်ရေးအတွက် ဘယ်သို့ပြုရပါမည်နည်း။[၃]

ဟူ၍ ဖော်ပြထားပါသည်။ လူတန်းစားအခြေအနေပေါ်မူတည်ကာ ဖြစ်ပေါ်နေသောကျူရှင်ပြဿနာကို ဖြေရှင်းမည့်နည်းလမ်း ရှာကြံရန် လိုကြောင်း ထောက်ပြဝေဖန်ထားသည်ကို တွေ့ရပါသည်။

ဆက်လက်၍ ထိုစာအုပ်တွင်ပင် မြန်မာ့ပညာရေးတွင် ကျူရှင်လုပ်ငန်းသာမက မပြည့်စုံ မလုံလောက်သော မှတ်စုများဖြင့် စာမေးပွဲအနီးကပ် လမ်းညွှန်စာအုပ်ပြုလုပ် ရောင်းချကြသော စီးပွားရေးလုပ်ငန်းရှင်များအား ထိုက်သင့်သောပြစ်ဒဏ်ပေး၍ တားမြစ်သင့်ပုံကို

> စာမေးပွဲနီးလေ ကြောက်အားပိုလေလေဖြစ်ကာ အားကိုးရှာနေကြသော ကျောင်းသူ ကျောင်းသားတို့ကို အမဲဖမ်းလိုကြသော စာမေးပွဲသောင်းကျန်း

---

[၁]တက်တိုး၊ ၂၀၁၆၊ ၁၀။

[၂]–ယင်း–၊ ၁၁။

[၃]တက်တိုး၊ ၁၉၆၉၊ ၃၈။

> စီးပွားရေးသမားများအား သင်းတို့နှင့်ထိုက်သင့်သော ပြစ်ဒဏ်ပေးဖို့ အထူးလိုအပ်သည်။[၁]

ဟူ၍ ဝေဖန်ထားပါသည်။ မြန်မာ့ပညာရေးတိုးတက်မြင့်မားမှုကို တားဆီးနှောက်ယှက်နေသူများအား ထိရောက်စွာ အရေးယူဆောင်ရွက်မှုပြုသင့်ကြောင်း ပြတ်ပြတ်သားသား ဝေဖန်ရေးသားထားသည်ကို တွေ့ရသည်။

ထို့အတူအရည်အသွေးညံ့ဖျင်းသော စာမေးပွဲအထောက်အကူပြုမှတ်စုများနှင့်ပတ်သက်၍

> တတ်ကျွမ်းသည့်ပညာရှင်ပုဂ္ဂိုလ်ကြီးများ သေချာစွာစိစစ်ခြင်းကို ခံနိုင်ရည် ရှိသောမှတ်စုစာအုပ်များကို သင်ကြားပို့ချလေ့လာမှု၌ တကယ်တမ်းအထောက် အကူဖြစ်အောင် အသုံးပြုပြီးလျှင် ဂျပိုးမှတ်စုများကို မီးတိုက်ပစ်ဖို့လိုအပ်လှ သည်ဟု ထင်မိပါသည်။[၂]

ဟူ၍ ဝေဖန်ထားသည်။ မြန်မာ့ပညာရေးလောကတွင် အရည်သွေးညံ့ဖျင်းသောမှတ်စုစာအုပ် ထုတ်ဝေမှု များကို ဖယ်ရှားပစ်သင့်ကြောင်း ထောက်ပြကာ ထိထိမိမိ ပွင့်ပွင့် လင်းလင်း ဝေဖန်ထားသည်ကို တွေ့ရပါသည်။

ထိုမှတ်စုစာအုပ်ထုတ်ဝေမှုများသည် အကျိုးမရှိ အချည်းအနှီးဖြစ်ပုံကို

> သူတို့၏ တန်ဖိုးရှိသောမှတ်စုစာအုပ်များမှာ ငွေးတောက်နွယ်ယှက်သော သရက်ပင်ကဲ့သို့ ဖြစ်ရလေသည်။[၃]

ဟူ၍သိသာထင်ရှားသောဥပမာဖြင့် ဝေဖန်ထောက်ပြခဲ့ကြောင်း တွေ့ရသည်။

ထို့ပြင် တိုးတက်ဖွံ့ဖြိုးလိုသောနိုင်ငံတွင် သိပ္ပံပညာရေးက လွှမ်းမိုးနေသည်မှာ သဘာဝကျ လှကြောင်း ဝေဖန်ပြောဆိုရာတွင်လည်း

> စက်မှုနိုင်ငံသို့ ခြေလှမ်းလှမ်းနေသော တိုးတက်ဆဲနိုင်ငံများ၌ သိပ္ပံစက်မှု ပညာရေးက လွှမ်းမိုးရမည်မှာ သဘာဝကျသည်ဟု ဆိုရပေမည်။[၄]

ဟူ၍ ဖော်ပြထားပါသည်။ ပြောင်းလဲနေသောလူ့အဖွဲ့အစည်းနှင့် လျော်ညီစွာ မြန်မာ့ပညာရေးကို ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း မိမိအယူအဆကို အခြေပြု၍ ပွင့်ပွင့်လင်းလင်းဝေဖန်ထားသည်။

ဆရာတက်တိုးသည် မြန်မာ့ပညာရေးစနစ်တွင် ပြင်ပစီးပွားရေးသမားများကိုသာမက ဦးဆောင် ဦးရွက်ပြုနေကြသူတို့ကိုလည်း ဝေဖန်ပြောဆိုထားပါသည်။ ထိုအကြောင်းကို“တက်တိုး၏ ခေတ်ပြောင်း တော်လှန်ရေးကာလ ကလောင်တစ်လက်၏အခန်း”ဆောင်းပါးတွင်

> ပညာရေးတွင် အရေးကြီးဆုံးကဏ္ဍသည် မူလတန်းကဏ္ဍဖြစ်သည်။ ယခုထက်ထိ ယင်းသို့ အမှတ်ပြု၍ ကျင့်သုံးကြပုံ မရသေးချေ။ ပညာရေးပုဂ္ဂိုလ်ကြီးများသည် အထက်တန်းပညာရေးကိုသာ ပို၍ ဂရုစိုက်နေကြချေသည်။ မူလတန်းကိုမူ ပညာအရည်အချင်းနိမ့်သောဆရာ၊ ဆရာမများ၏လက်တွင် ပစ်ထားသည်။[၅]

ဟူ၍ဝေဖန်ထားပါသည်။ လုပ်သင့်သည်ကို မလုပ်၊ မလုပ်သင့်သည်ကို လုပ်နေကြသော မြန်မာ့ ပညာရေးဦးဆောင်သူတို့ကရဲရဲဝံ့ဝံ့ ထောက်ပြဝေဖန်ထားသည်ကို တွေ့ရပါသည်။

---

[၁]ယင်း၊ ၂၉။
[၂]တက်တိုး၊ ၂၀၁၆၊ ၃၂။
[၃]ယင်း၊ ၃၀။
[၄]ယင်း၊ ၄၀။
[၅]တက်တိုး၊ ၁၉၆၉၊ ၄၇၊ ၄၈။

ပညာရေးမူဝါဒများကို အကောင်အထည်ဖော်ရာတွင် အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း၊လုပ်ငန်းလမ်းစဉ်၏ခွင်ကို ကျယ်ပြန့်နိုင်သလောက်ကျယ်ပြန့်အောင် လျာထားသင့်ကာ အလျင်မလိုသင့်ကြောင်းကို

"ခုရေတွင်းတူး၊ ခုရေကြည်သောက်ချင်လျှင်" စေတနာစောလွန်းရာကျချေမည်။[၁]

ဟူ၍ ဝေဖန်ထားပါသည်။ မြန်မာ့ပညာရေးမူဝါဒများကို ပြုပြင်ပြောင်းလဲရာ၌ ရှေ့နောက်ချင့်ချိန်ထောက်ဆကာ ဖြည်းဖြည်းချင်းဆောင်ရက်သင့်ကြောင်း လမ်းညွှန်ဝေဖန်ထားသည်ကို တွေ့ရသည်။

ထို့ပြင်အခြေခံပညာအထက်တန်းစာမေးပွဲအောင်စာရင်း သတ်မှတ်ပုံ၊တက္ကသိုလ်အသီးသီးတွင် နေရာပေးရမည့်အခြေအနေနှင့်စပ်လျဉ်း၍လည်း

'က'စာရင်းဝင်များကို သွင်းရပေဦးမည်ဖြစ်သောကြောင့် 'ခ' စာရင်းဝင်တို့အဖို့ "မစားရ ဝခမန်း"မျှသာဖြစ်ချေသည်။[၂]

ဟူ၍ ဝေဖန်ထားပါသည်။ 'က'စာရင်းဖြင့် အောင်မြင်သူများသည် တက္ကသိုလ်ဆက်လက်တက်ရောက်ခွင့်ရမည်ဖြစ်သော်လည်း'ခ'စာရင်းဖြင့် အောင်မြင်သူများသည် တက္ကသိုလ်ဆက်လက်တက်ရောက်ခွင့် မရှိပုံကို ထောက်ပြဝေဖန်ထားသည်ကို တွေ့ရသည်။

တစ်ဖန်စာမေးပွဲစနစ်နှင့်ပတ်သက်၍လည်း

စာမေးပွဲစနစ်၏ ချို့တဲ့မှုများကို ပညာရေးပါရဂူများစွာကလည်း သုတေသနပြု၍ ဖော်ထုတ်ခဲ့ဘူးပါသည်။ သို့သော် စာမေးပွဲသည် "လိုအပ်သော မကောင်းဆိုးဝါး"တစ်ခုဖြစ်သည်ဟု ဆိုကြ၏။[၃]

ဟူ၍ဝေဖန်ထားပါသည်။ လူတစ်ဦး၏ အရည်အချင်းကို စစ်ဆေးရာတွင် စာမေးပွဲစနစ်သည် ပြည့်စုံကောင်းမွန်ခြင်း မရှိသော်လည်း လက်လွှတ်၍ မရသောစနစ်ဖြစ်ကြောင်း ပညာရှင်တို့၏ အယူအဆဖြင့် ဝေဖန်ပြထားသည်ကို တွေ့ရသည်။

ဆရာတက်တိုးသည် လူမှုရေးပညာကို အခြေခံ၍ ဝေဖန်ရာတွင် အသိပညာ၊ အတတ်ပညာတို့သည် အတ္တ၊ ပရအကျိုးဆောင်နိုင်ကြောင်း ယထာဘူတကျကျ မှန်မှန်ကန်ကန် ဝေဖန်ဆန်းစစ်တင်ပြသည်။ အနုပညာနှင့်ပတ်သက်သောအယူအဆ ပြောင်းလဲပုံများကို သမိုင်းကြောင်း အကိုးအထောက်ဖြင့် ဝေဖန်ပြသည်။ မြန်မာ့ပညာရေးနှင့်ပတ်သက်၍ လူကြီးလူငယ်မရွေး ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ပြစ်တင်ဝေဖန်သည်။ စာမေးပွဲအထောက်အကူပြုမှတ်စုစာအုပ်များ ထုတ်ဝေမှု၊ စာမေးပွဲစနစတို့နှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ထိထိမိမိထောက်ပြဝေဖန်ထားသည်ကို တွေ့ရပါသည်။ မြန်မာ့ပညာရေး ပြုပြင်စေလိုသော ဆရာတက်တိုး၏စေတနာကို တွေ့ရပါသည်။

## ၃၊၃။ အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်း

ဆရာတက်တိုးသည်ဝေဖန်ရေးပြုလုပ်ရာတွင်အနက်ဖွင့်အကဲဖြတ်နည်း၊ လူမှုရေးပညာ အခြေခံဝေဖန်နည်းတို့ဖြင့် ဝေဖန်သကဲ့သို့ အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်းဖြင့်လည်း ဝေဖန်အကဲဖြတ်သည်ကို တွေ့နိုင်ပါသည်။ဝေဖန်ရေးနည်းနာများတွင် အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်းသည်လည်း စာဆို နှင့် စာပေကို ဆက်စပ်လေ့လာရာတွင် အဓိကကျသောနည်းတစ်ခုဖြစ်ပါသည်။ စာတစ်ပုဒ်

[၁] တက်တိုး၊ ၁၉၆၉၊ ၂၅။
[၂] –ယင်း–။
[၃] ယင်း၊ ၁၈။

ပေါ်ပေါက်လာခြင်းသည် စာဆိုနှင့် များစွာသက်ဆိုင်ကြောင်း အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်းဖြင့် ဖော်ထုတ်တင်ပြနိုင်သည်။

အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်းနှင့်ပတ်သက်၍ဝေဖန်ရေးစာပေစာတမ်းများ(ပထမတွဲ)တွင် မြဇင်က

> စာဆို၏ ဘဝဖြစ်စဉ်၊ကိုယ်ရည်ကိုယ်သွေး၊ စရိုက်တို့ကို လေ့လာလျှင် ထိုစာဆို၏စာသည် အနက်ပေါ်သည်ဆိုသောသဘောသည် အတ္ထုပတ္တိ အခြေခံဝေဖန်နည်း၏ အခြေခံသဘောဖြစ်သည်။[၁]

ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် စာဆို၏ ဘဝဖြစ်စဉ်၊ ကိုယ်ရည်ကိုယ်သွေး၊ စရိုက်တို့ဖြင့် ယှဉ်တွဲ လေ့လာသောဝေဖန်ရေးသည်အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်းဖြစ်ပါသည်။ ဆရာတက်တိုး၏ ဆောင်းပါး များတွင် အတ္ထုပ္ပတ္တိအခြေခံဝေဖန်နည်းဖြင့် ဝေဖန်ထားသည်များကို လေ့လာတင်ပြလိုပါသည်။

တက်တိုး၏ စာပေဆောင်းပါးပေါင်းချုပ်(၁)တွင် "ပီမိုးနင်း၊တဂိုးနှင့် စာရေးဆရာ အသင်း"ဆောင်းပါး၌ ဆရာပီမိုးနင်း၏ အကြောင်းကို

> ငယ်စဉ်က ဒဿနိကဘာသာရပကို အထူးဂရုပြုလေ့လာခဲ့ပုံရသည်။ထို့ကြောင့် သူသည် ခပ်ငယ်ငယ်အရွယကပင် 'တက်ကျမ်း'များ ရေးတတ်သည်။[၂]

ဟူ၍ ဖော်ပြထားပါသည်။ ပီမိုးနင်းသည် ငယ်စဉ်က ဒဿနိကပညာရပ်ကို လေ့လာသင်ကြား ခဲ့ခြင်းကြောင့် တက်ကျမ်းများရေးနိုင်ရခြင်းဖြစ်ကြောင်း စာရေးသူ၏ဘဝနှင့်စာပေကို ဆက်စပ်၍ ချီးကျူးဝေဖန်ပြထားသည်ကိုတွေ့ရပါသည်။

ထို့အတူ ၄င်းဆောင်းပါး၌ပင် ကိုယ်တွေ့အချက်အလက်များကို အခြေခံ၍ တွေးမြင်တတ်သော ပီမိုးနင်း၏စရိုက်ကို

> လက်တွေ့ ကိုယ်တွေ့များကို မှီ၍ တွေးမြင်တတ်သော ဉာဏ်ကြောင့် ကြီးပွားချမ်းသာရေးကျမ်းကို ရေးသားပြုစုရာ၌ ဗဟုသုတနှင့် အတွေး အမြင်အယူအဆတို့ စုံလင်ပေသည်။[၃]

ဟူ၍ဖော်ပြထားပါသည်။ ကိုယ်တွေ့အချက်အလက်ကို အခြေခံ၍ တွေးမြင်တတ်သော ပီမိုးနင်း၏ စရိုက်ကြောင့်ဗဟုသုတ စုံလင်လှသောကြီးပွားချမ်းသာရေးကျမ်းကို ရေးသားနိုင်ခြင်းဖြစ်ကြောင်း စာရေးသူ၏စရိုက်နှင့်စာပေကို ဆက်စပ်၍ ချီးမွမ်းဝေဖန်ပြထားသည်ကို တွေ့ရပါသည်။

ထို့ပြင်ပီမိုးနင်း၏ စာပေရေးသားခြင်းနှင့်စပ်လျဉ်း၍လည်း

> ဆရာကြီးသည် အတွေးအခေါ် ထက်မြက်သည့်အလျောက် အကြောင်း အရာများကို ဖော်ပြရာ၌ ဖတ်သူတို့ရင်၌ စွဲကျန်ခဲ့စေသော ဆောင်ပုဒ်မျိုးကို ထည့်သွင်းပေးတတ်သည်။[၄]

ဟုလည်းကောင်း၊

> ဆရာကြီးသည် သတင်းစာဆရာဘဝမှ စာရေးဆရာဖြစ်လာသည့် 'စာရေးဆရာ သတင်းစာဆရာ'ဖြစ်သောကြောင့် သတင်းဆောင်းပါးများကိုလည်း စာပေ

---

[၁]မြဇင်၊ ၁၉၈၆၊၈၄။

[၂]တက်တိုး၊ ၂၀၁၆၊ ၅၈။

[၃]-ယင်း-။

[၄]-ယင်း-၊ ၅၈။

> ဆန်ဆန် ရေးတတ်ပေသည်။ ဝတ္ထုဆောင်းပါးစသည်တို့ကိုလည်း သတင်းဆောင်းပါးဆန်ဆန် ရေးနိုင်စွမ်းရှိပေသည်။[၁]

ဟုလည်းကောင်း ဝေဖန်ထားပါသည်။ ထက်မြက်သောအတွေးနှင့် ကျင်လည်ရသော ဘဝအနေအထားတို့ကြောင့် ဆရာကြီးပီမိုးနင်း၏ အရေးအသားစွမ်းရည်မှာ ကောင်းမွန်ခြင်းဖြစ်ကြောင်း စာရေးသူ ၏ဘဝနှင့် စာပေအရည်အသွေးကို ဆက်စပ်ကာ ချီးကျူးဝေဖန်ပြထားသည်ကို တွေ့ရပါသည်။

တက်တိုး၏ ဘဝနှင့်စာပေစာအုပ်တွင် "စာကောင်းပေမွန်(၂)"ဆောင်းပါး၌ စာကောင်း စာမွန်တိ၏ တန်ဖိုးကြီးမားပုံကို

> ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာရဟန်းအဖြစ်သို့ရောက်ခါ ရှုတင်တေရသ ဆောင်လျက်ရှိသော အီတာလျံဘုန်းတော်ကြီး ဦးလောကနာထက မိမိအား ရဟန်းဘဝသို့ ပို့ဆောင်ပေးသောစာအုပ်မှာ(အင်္ဂလိပ်ပြန်)ဓမ္မပဒဖြစ်သည်ဟု ဆိုဖူးသည်။ ဓမ္မပဒကျမ်းထဲမှ ရှင်မဟာကဿပ၏ထေရုပ္ပတ္တိကို ဖတ်ရှုလေ့လာမိသဖြင့် ထိုအရှင်၏ဘဝ၌ ကြည်ညိုမှုပွားခဲ့မိကြောင်း ကိုဆိုဖူးသည်။[၂]

ဟူ၍ ဖော်ပြထားပါသည်။ ဓမ္မပဒစာအုပ်ကို ဖတ်ရှုလေ့လာပြီး တရားဓမ္မ၌ မွေ့လျော်သော ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် ပြောင်းလဲလာသော ဦးလောကနာထသည် စာကောင်းပေမွန်ကြောင့် ပြောင်းလဲတိုးတက်လာခြင်းဖြစ်ကြောင်း ထောက်ပြဝေဖန်ထားသည်ကို တွေ့ရသည်။

ထို့ပြင် တက်တိုး၏ဘဝနှင့်စာပေစာအုပ်တွင် "လေဒီချက်တာလီ၏ချစ်သူ" ဆောင်းပါး၌ ကမ္ဘာကျော်စာအုပ်တစ်အုပ်ဖြစ်သော'လေဒီချက်တာလီ၏ချစ်သူ'စာအုပ်နှင့် စာရေးသူ အင်္ဂလိပ် စာရေးဆရာကြီး ဒီအိပ်ချ်လောရင့်အကြောင်းကို

> သူ့စာများကို စာပေဝါသနာရှင်များက စိတ်ဝင်စားစရာလည်းဖြစ်ပေသည်။ သူသည် ပထမကမ္ဘာစစ်အပြီး ပေါ်ပေါက်လာသော ပုန်ကန်သော စာရေးဆရာတစ်စု၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ သူ၏ ထူးခြားသော အတွေးအခေါ်တို့ကြောင့် သူ့ကို လေးစားကြသည်။ သူ့အကြောင်းကို ဆွေးနွေးဝေဖန်ကြသည်။ သူ့ဝါဒကို နှစ်သက်သည်ဖြစ်စေ၊ ကဲ့ရဲ့သည်ပင်ဖြစ်စေ သူသည် အတွေးအခေါ် စွန့်စားသူတစ်ဦးအဖြစ် ရှေ့တန်းကနေပေသည်။[၃]

ဟူ၍ ဖော်ပြထားပါသည်။ အင်္ဂလိပ်စာရေးဆရာကြီး ဒီအိပ်ချ်လောရင့်သည် ပုန်ကန်သော စာရေးဆရာတစ်စု၏ ခေါင်းဆောင်ဖြစ်သော်လည်း သူ၏ ထူးခြားသောအတွေးအခေါ်တို့ကြောင့် သူ၏စာများသည် လူအများ စိတ်ဝင်စားသောစာများဖြစ်လာရကြောင်း စာရေးသူ၏ ဘဝဖြစ်စဉ်၊ အတွေးအခေါ်၊ စာပေတို့ဖြင့် ဆက်စပ်ပြီး ကြောင်းကျိုးပြကာ ချီးကျူးဝေဖန်ထားသည်ကို တွေ့ရသည်။

ဤသို့ဖြင့်ဆရာတက်တိုးသည် အတ္ထုပ္ပတ္တိအခြေခံဝေဖန်ရာတွင် စာရေးသူ၏ကိုယ်ရည် ကိုယ်သွေး၊ ဘဝဖြစ်စဉ်နှင့် ၎င်းတို့၏ စာပေများကို ဆက်စပ်ပြီး ချီးကျူးဝေဖန်ပြထားသည်ကို တွေ့ရသည်။ ထို့ပြင် စာကောင်းစာမွန်တို့ကြောင့် တိုးတက်ပြောင်းလဲသွားသော ပုဂ္ဂိုလ်တို့အကြောင်း ကိုလည်း ထောက်ပြဝေဖန်ထားပါသည်။ စာရေးသူနှင့် စာကောင်းစာမွန်တို့ကြောင့် တိုးတက်

---

[၁] –ယင်း–။
[၂] တက်တိုး၊ ၂၀၁၅၊ ၃၅။
[၃] တက်တိုး၊ ၂၀၁၅၊ ၄၁၁။

ပြောင်းလဲသွားသူတို့အား ချီးကျူးလေးစားအတုယူစေလိုသော ဆရာတက်တိုး၏စေတနာကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ဆရာတက်တိုး၏ ဝေဖန်ရေးများကို မှတ်ကျောက်တင်ကြည့်သောအခါ ဆရာတက်တိုးသည် ဝေဖန်သောအကြောင်းအရာနှင့်ပတသက်၍ မိမိအမြင်၊ မိမိအတွေး၊ မိမိခံစားမှုကို ကျိုးကြောင်းလည်းသင့် ဖတ်ချင့်စဖွယ်လည်းဖြစ်အောင် ရေးဖွဲ့လေ့ရှိသည်။ ထို့ပြင် အကြောင်းအရာအမျိုးမျိုးကို အကောင်းအဆိုး၊ အမှားအမှန်၊ အကျိုးအပြစ် ခွဲခြားပြကာ အကျိုးသင့်အကြောင်းသင့် သုံးသပ်ဝေဖန်လေ့ရှိသည်။ သာဓကအကိုးအထောက်များကို အသုံးပြု၍လည်းအများလက်ခံနိုင်အောင် ဝေဖန်လေ့ရှိသည်။ ထိုသို့ ဝေဖန်ရာတွင် အနက်ဖွင့်အကဲဖြတ်နည်း၊ လူမှုရေးပညာအခြေခံဝေဖန်နည်း၊ အတ္ထုပ္ပတ္တိအခြေခံ ဝေဖန်နည်းတို့ကို သုံး၍ ဝေဖန်လေ့ရှိသည်။ဝေဖန်ရေးပြုလုပ်ရာတွင် မည်သူ့ကိုမဆို မှားယွင်းသည်ဟု ထင်လျှင် မှားယွင်းသည်ဟု ပြတ်ပြတ်သားသား ရှုတ်ချဝေဖန်တတ်ပြီး မှန်သည်၊ ကောင်းသည်ဟု ထင်လျှင်လည်း မှန်သည်၊ ကောင်းသည်ဟု ချီးကျူးဝေဖန်တတ်သည်။ သက်သက်ညှာညှာ ဝေဖန်သင့်သည့်အခါလည်းဝေဖန်၍ ပြင်းပြင်းထန်ထန်ဝေဖန်သင့်သည့်အခါလည်း ဝေဖန်သည်။ ဝေဖန်တင်ပြရာတွင်လည်း ဖွင့်ဆိုရှင်းပြနည်း၊ ကျိုးကြောင်းပြနည်းများကို အသုံးပြုထားသောကြောင့် တင်ပြပုံစနစ်တကျရှိသည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် ဆရာတက်တိုး၏ ပြုပြင်စေလိုသောစေတနာ၊ ပိုမိုကောင်းမွန်စေလိုသောစေတနာ၊ ချီးကျူးလေးစားလိုသောစေတနာတို့သည်လည်း သူ၏ ဝေဖန်ရေးများ တွင် ထင်ဟပ်နေပါသည်။ ထို့ကြောင့် ဆရာတက်တိုးသည် ဝေဖန်ရေးတာဝန်ကို ကျေကျေပွန်ပွန်ထမ်းရွက်ခဲ့သော ဝေဖန်ရေးဆရာကောင်းတစ်ဦးဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## နိဂုံး

ဤစာတမ်းသည် တက်တိုး၏ ဝေဖန်ရေးနည်းနာများကို မှတ်ကျောက်တင်လေ့လာထားသောစာတမ်း တစ်စောင်ဖြစ်ပါသည်။ တက်တိုး၏ဝေဖန်ရေးနှင့်ပတ်သက်၍ ဆက်လက်သုတေသနပြုနိုင်ပါ သေးသည်။ ဆရာတက်တိုး၏ ဝေဖန်ရေးနည်းနာများကို လေ့လာလိုသူတို့အတွက် အကျိုး တစ်စုံတစ်ရာဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


ဇော်ဇော်အောင်။ (၂၀၁၅)။ *စာပေသဘောတရားနှင့် ဝေဖန်ရေးအခြေခံကျမ်း*။ ရန်ကုန်၊ စိတ်ကူးချိုချို။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ *စာပေသဘောတရား၊ စာပေဝေဖန်ရေး၊စာပေလှုပ်ရှားမှု*။ ရန်ကုန်၊ နံ့သာပုံနှိပ်တိုက်။

တက်တိုး။(၂၀၁၅)။ပဉ္စမအကြိမ်။ *တက်တိုး၏ဘဝနှင့်စာပေ*၊ရန်ကုန်၊နယဉ်စာပေ။

တက်တိုး။(၁၉၆၉)။ *ခေတ်ပြောင်းတော်လှန်ရေးကာလ ကလောင်တလက်၏အခန်း* ။ ရန်ကုန်၊ ဝင်းသစ္စာပုံနှိပ်တိုက်။

တက်တိုး။(၂၀၁၆)။*စာပေဆောင်းပါးပေါင်းချုပ်(၁)*။ ရန်ကုန်၊ နယဉ်စာပေ။

တက်တိုးနှင့်အများ။ (၁၉၉၆)။ *ယနေ့စာပေနှင့် စာရေးဆရာတို့အမြင်*။ ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်။

*နှစ်ဆယ်ရာစုမြန်မာစာရေးဆရာများနှင့် စာစုစာရင်း(ပထမတွဲ)*။ (၂၀၀၃)။ ရန်ကုန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)။

မြဇင်နှင့် တက်တိုး။ (၁၉၈၆)။ *ဝေဖန်ရေးစာပေစာတမ်းများ (ပ-တွဲ)*။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မြဝင်း(ဒဿန)။ (၂၀၀၇)။ *ဇော်ဂျီဒဿနစာ၊ ရသစာ*။ ရန်ကုန်၊ မုံရွေးပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ *မြန်မာအဘိဓာန်*။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။